**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဥရောပသမဂ္ဂ (အီးယူ) တို့အကြား ချုပ်ဆိုမည့် ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ် ညှိနှိုင်းဆွေးနွေးပွဲ အစီရင်ခံစာ**

ရန်ကုန်၊ ၂၆-၂၇ ဧပြီလ ၂၀၁၇ ခုနှစ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး၊ ရန်ကုန်မြို့၌ ၂၀၁၇ ခုနှစ် ဧပြီလ ၂၆ ရက်နေ့နှင့် ၂၇ ရက်နေ့တို့တွင် မြန်မာနိုင်ငံနှင့်အီးယူအကြားချုပ်ဆိုမည့် ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်နှင့်ပတ်သက်၍ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲမှ ညှိနှိုင်းရန် ကျန်ရှိနေသေးသော ကိစ္စရပ်များအား နှစ်ဖက်ညှိနှိုင်းရေးခေါင်းဆောင်များမှ ဆက်လက်ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတရားရုံးစနစ်၏ တရားသူကြီးများအတွက် "code of conduct" အပါအဝင် ရင်းနှီးမြှုပ်နှံမှုအကာအကွယ်ပေးခြင်းနှင့် အငြင်းပွားမှုဖြေရှင်းခြင်း အတွက် EU ၏ reform approach မှ ပြဋ္ဌာန်းချက်အသစ်များအပေါ် ဆွေးနွေးခဲ့ရာ ရလာဒ်ကောင်းများ ရရှိခဲ့ပြီး သဘောတူစာချုပ်၏ အဓိကအချက်များအား သဘောတူညီမှုရရှိခဲ့ပါသည်။ သဘောတူစာချုပ်၏ "Transparency and Sustainable Development" Chapters အပေါ် ထပ်လောင်း ဆွေးနွေးနိုင်ခဲ့ပြီး သဘောတူစာချုပ်အပြီးသတ်နိုင်ရေးအတွက် ဆွေးနွေးမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သဘောတူစာချုပ် အတည်ဖြစ်သည့်အခါ စာချုပ်ဝင်နှစ်ဖက်စလုံးမှ ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများအတွက် အကာအကွယ်ပေးခြင်းနှင့် သာတူညီမျှဆက်ဆံမှုများကို ရရှိနိုင်မည်ဖြစ်ပြီး မျှတသော အခြေအနေကောင်းတစ်ခုအား ဖန်တီးနိုင်မည် ဖြစ်သလို ပွင့်လင်းမြင်သာမှု တိုးမြှင့်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုအပေါ် သက်ရောက်နိုင်သည့် ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များအားတည်ဆောက်နိုင်မည်ဖြစ်ပါသည်။ ဤသဘောတူစာချုပ်သည် စာချုပ်ဝင်နိုင်ငံများ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်း ချမှတ်ပိုင်ခွင့်ကို ထိခိုက်မှုမရှိစေသည့်အပြင် အလုပ်သမားများ၏ အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ကို အကာအကွယ်ပေးနိုင်ခြင်း၊ တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာအပြုအမူများကို တိုးတက်စေခြင်းတို့ကို အကျိုးဝင်စေမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်တွင် ဥရောပသမဂ္ဂ(အီးယူ) မှ ပြုလုပ်ခဲ့သော Sustainability Impact Assessment (SIA) သည် သဘောတူစာချုပ်၏ စီးပွားရေး၊ လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ အလားအလာများအား အသေးစိတ် လေ့လာမှုပြုထားပါသည်။ SIA ပြုလုပ်ရာမှ ထွက်ပေါ်လာသော ထောက်ခံချက်အား မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို ဖော်ပြထားသည့် position paper စာတမ်းအား အီးယူကော်မရှင်မှ မကြာသေးမီက ထုတ်ပြန်ခဲ့ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။